သတင်းလွှာ

အတွဲ ၁၈

အောက်တိုဘာ ၂၀၂၆

ယန္တရားအကြီးအကဲ၏အမှာစာ

ယခုလအစောပိုင်းတွင် ရိုဟင်ဂျာအမျိုးသားတစ်ဦးက ရခိုင်ပြည်နယ်ရှိ ၎င်း၏ သားသမီးငါးဦး အသတ်ခံခဲ့ရသည့်အကြောင်း ကျွန်တော့်အား ပြောပြခဲ့သည်။ အမျိုးသမီးတစ်ဦးကလည်း လွန်ခဲ့သည့် ကိုးနှစ်က သူမ၏ခင်ပွန်း ဖမ်းဆီးခေါ်ဆောင်သွားခံရပြီး ယနေ့အထိ ၎င်း၏ အခြေအနေကို မသိရသဖြင့် စိတ်သောကရောက်နေကြောင်း ပြောပြခဲ့သည်။ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇားသို့ ကျွန်တော်သွားရောက်ခဲ့ရာတွင် အဆိုပါ ပုဂ္ဂိုလ်နှစ်ဦး အပါအဝင် ရိုဟင်ဂျာ ၂၀၀ ကျော်နှင့် တွေ့ဆုံခဲ့သည်။ ကျွန်တော် တွေ့ဆုံခဲ့သူအားလုံးသည် ၎င်းတို့၏ ချစ်ခင်ရသူများ၊ နေအိမ်များနှင့် မြေယာများကို ဆုံးရှုံးခဲ့ရသောကြောင့် စိတ်ဒဏ်ရာများ ခံစားနေကြရသည်။ တွေ့ဆုံခဲ့သူ အများစုမှာ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသူများ ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ်နှင့် အာရက္ခတပ်တော်တို့ကြား ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် ရိုဟင်ဂျာ ၁၅၄,၀၀၀ ကျော်သည် ၂၀၂၄ ခုနှစ်အစောပိုင်းမှစ၍ နယ်စပ်ဖြတ်ကျော်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။

ရိုဟင်ဂျာများ၊ အခြားနေရပ်စွန့်ခွာခဲ့ရသည့် လူမှုအသိုင်းအဝိုင်းများနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့ကို ယန္တရား၏ လုပ်ငန်းများနှင့် တိုးတက်မှုများအကြောင်း ဆွေးနွေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကျွန်တော်သွားရောက်ခဲ့သည်။ ကျွန်တော် တွေ့ဆုံခဲ့သူ အားလုံးသည် ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ ပိုမိုပြင်းထန်လာနေသည်ကို အလွန်စိုးရိမ်ပူပန်နေကြသည်။ ယန္တရားသည် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများအား လူမျိုး၊ ဘာသာ သို့မဟုတ် နိုင်ငံရေးဆက်နွယ်မှုအပေါ် ခွဲခြားခြင်းမရှိဘဲ စုံစမ်းစစ်ဆေးနေကြောင်း ကျွန်တော် ထပ်မံအတည်ပြုပြောကြားခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတွင် လတ်တလော ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှုရရှိရေး လုပ်ငန်းစဉ်များ လက်ရှိအချိန်တွင် မရှိသေးသော်လည်း နောင်အခွင့်အလမ်းပေါ်ပေါက်လာသည့်အခါ တာဝန်ရှိသူများကို စုံစမ်းစစ်ဆေး တရားစွဲဆိုနိုင်ရေးအတွက် တရားစီရင်ရေးအာဏာပိုင်များကို ပံ့ပိုးကူညီနိုင်ရန် ယန္တရားသည် ယခုတည်းက အထောက်အထားများကို စုဆောင်း ထိန်းသိမ်းနေကြောင်းလည်း အလေးထားပြောကြားခဲ့သည်။

ရိုဟင်ဂျာအများအပြားသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများကို လူမျိုးပြုန်းစေမှု ကာကွယ်ရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် မြန်မာနိုင်ငံက လိုက်နာရမည့် တာဝန်ဝတ္တရားများကို ပျက်ကွက်ခဲ့သည်ဟူသော စွပ်စွဲချက်နှင့်ပတ်သက်၍ နိုင်ငံတကာတရားရုံး (အိုင်စီဂျေ) တွင် ကြားနာစစ်ဆေးနေသည့်အမှုကို အနီးကပ်စောင့်ကြည့်နေကြသည်။ လာမည့်လများအတွင်း ချမှတ်မည်ဟု မျှော်မှန်းထားသည့် တရားရုံး၏ ဆုံးဖြတ်ချက်သည် ၎င်းတို့ နေရပ်ပြန်နိုင်ရေးအတွက် လမ်းဖွင့်ပေးနိုင်မည်ဟု ရိုဟင်ဂျာအများအပြားက မျှော်လင့်နေကြသည်။ သို့သော် တရားရုံး၏ ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့် ရိုဟင်ဂျာများ နေရပ်ပြန်နိုင်မည် မဟုတ်ပါ။ ရခိုင်ပြည်နယ်တွင် အကြမ်းဖက်မှုများ မရပ်တန့်သရွေ့ သူတို့ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်မည် မဟုတ်ပါ။ ရိုဟင်ဂျာများသာ အန္တရာယ်နှင့် ရင်ဆိုင်နေရသည် မဟုတ်ဘဲ ရခိုင်ပြည်နယ်ရှိ လူမျိုးစုအားလုံးမှ အရပ်သားပြည်သူများလည်း တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်ကပင် ကျောက်တော်မြို့ရှိ စျေးတစ်ခုအနီးတွင် လေကြောင်းတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ လူ ၅၀ ကျော် သေဆုံးခဲ့ပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များစွာ အပါအဝင် လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းကဲ့သို့သော တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်တစ်ခုတည်းတွင်သာ ဖြစ်ပွားနေခြင်း မဟုတ်ပါ။ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ယန္တရား၏ **နှစ်ပတ်လည်အစီရင်ခံစာ**တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း မြန်မာစစ်တပ်သည် နိုင်ငံတဝန်းရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ စခန်းများကို ပစ်မှတ်ထားတိုက်ခိုက်ရန် လေကြောင်းအင်အားကို ပိုမိုအသုံးပြုနေသည်။

ယခုအချိန်သည် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုဖော်ဆောင်ရေးအတွက် စိန်ခေါ်မှုများသည့် ကာလဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးပြုန်းစေမှုများကို ဆန့်ကျင်ရပ်တည်ရန် ယခင်ကထက် ပိုမိုအရေးကြီးနေသည်။ ရဲရင့်သော လူပုဂ္ဂိုလ်အများအပြားသည် ၎င်းတို့၏ သက်သေထွက်ဆိုချက်များက အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို တရားဥပဒေအရ အရေးယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ယန္တရားထံ သက်သေထွက်ဆိုချက်များကို မျှဝေပေးလျက် ရှိသည်။

အိုင်စီဂျေက ချမှတ်မည့် ဆုံးဖြတ်ချက်သည် ကျူးလွန်သူများကို တာဝန်ခံမှုရှိစေရန် ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများအနက် တစ်ခုသာဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် အဆိုပါရာဇဝတ်မှုများအတွက် တရားမျှတမှုကို ဖော်ဆောင်ရန် ဆန္ဒရှိပြီး ဆောင်ရွက်နိုင်စွမ်းလည်းရှိသည့် ပြည်တွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် တရားစီရင်ရေးအာဏာပိုင်များကို ပံ့ပိုးကူညီနိုင်ရန် အထောက်အထားများ ဆက်လက် စုဆောင်းထိန်းသိမ်းသွားမည်ဟု သန္နိဋ္ဌာန် ချထားသည်။

အဖွဲ့အစည်းဆိုင်ရာနောက်ဆုံးသတင်း

မြန်မာနိုင်ငံ၏ အခြေအနေသည် ဆက်လက်ဆိုးရွားဆဲ ဖြစ်သည်။ ယန္တရား၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း စုံစမ်းစစ်ဆေးမှုများအရ အရပ်သားများကို တမင်ရည်ရွယ်၍ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်နေသည့် ပုံစံတစ်ရပ်ကို တွေ့ရှိရသည်။ ယန္တရားသည် အဆိုပါတိုက်ခိုက်မှုများတွင် ပါဝင်သည့် တပ်ဖွဲ့များနှင့် ၎င်းတို့ စစ်ဆင်ရေးဆောင်ရွက်ရာ လေတပ်အခြေစိုက်စခန်းများကို ဖော်ထုတ်ရာတွင် တိုးတက်မှုများ ရရှိခဲ့သည်။

ယန္တရားသည် မြန်မာစစ်တပ်က စီမံခန့်ခွဲသည့် ထိန်းသိမ်းရေးစခန်းများတွင် ကျူးလွန်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးရာတွင်လည်း တိုးတက်မှုများ ရရှိခဲ့ပြီး အဆိုပါရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်သည့် တပ်မှူးများနှင့် စစ်ကြောရေးလုပ်ဆောင်သူတချို့ကို ဖော်ထုတ်နိုင်ခဲ့သည်။ ရခိုင်ပြည်နယ်တွင်လည်း ပဋိပက္ခများ ပိုမိုပြင်းထန်လာနေစဉ် လက်နက်ကိုင်အဖွဲ့အသီးသီးက ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ထို့အပြင် ရှိဟင်ဂျာများကို ကျူးလွန်ခဲ့သည့် ယခင်က ရာဇဝတ်မှုများကိုလည်း ဆက်လက်စုံစမ်းစစ်ဆေးနေသည်။

ယန္တရားသည် နိုင်ငံတကာရာဇဝတ်ခုံရုံးနှင့် အာဂျင်တီးနားနိုင်ငံ ဖက်ဒရယ်တရားရုံးတို့တွင် ဆောင်ရွက်နေသည့် တရားမျှတမှုရရှိရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များကို ဆက်လက် မျှဝေပေးလျက်ရှိသည်။ ထို့အပြင် ကနဦးစုံစမ်းစစ်ဆေးမှုများ သို့မဟုတ် ပဏာမလေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည့် အခြားနိုင်ငံများ၏ တရားစီရင်ရေးအာဏာပိုင်များကိုလည်း အလားတူ ပံ့ပိုးကူညီလျက်ရှိသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ယန္တရားသည် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို တရားစွဲဆိုထားသည့်အမှုနှင့် ပတ်သက်၍ နိုင်ငံတကာတရားရုံး(အိုင်စီဂျေ)တွင် ဆောင်ရွက်နေသည့် တရားစီရင်ရေးလုပ်ငန်းစဉ်များအတွက် အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များ ပံ့ပိုးပေးခဲ့သည်။ ယင်းတို့တွင် စိစစ်သုံးသပ်ချက်အစီရင်ခံစာ ကိုးစောင်၊ သက်သေထွက်ဆိုချက် ၄၀ စောင်၊ စစ်တပ်မှ ဘက်ပြောင်းလာသူများနှင့် ပတ်သက်သည့် စိစစ်ချက်မှတ်စုနှစ်စောင်နှင့် ယန္တရားအကြီးအကဲ၏ ကျမ်းကျိန်လွှာတစ်စောင် ပါဝင်သည်။ လက်ရှိတွင် အိုင်စီဂျေသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရိုဟင်ဂျာများအား လူမျိုးပြုန်းစေမှုကို ကာကွယ်ရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် မြန်မာနိုင်ငံက လိုက်နာရမည့် တာဝန်ဝတ္တရားများကို ချိုးဖောက်ခဲ့ခြင်း ရှိ၊ မရှိ စဉ်းစားသုံးသပ်လျက်ရှိသည်။

လုပ်ငန်းဆိုင်ရာ တိုးတက်မှုများ

၂၆ အောက်တိုဘာ ၂၀၂၆ အထိ

၂၈ သန်း +
စုဆောင်းရရှိထားသည့် အချက်အလက်များနှင့် အထောက်အထားများ

၅ သန်း +
စိစစ်သုံးသပ်ရန် ဓာတ်ပုံများနှင့် ဗီဒီယိုများ

၁,၆၀၀ +
အချက်အလက်များ ပံ့ပိုးပေးသည့် ရင်းမြစ်များ

အရပ်သားများကို လေကြောင်းတိုက်ခိုက်မှုများ

ယန္တရားသည် မြန်မာစစ်တပ်က နိုင်ငံတဝန်းတွင် ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးကာ မှတ်တမ်းတင်ထားသည်။ အဆိုပါတိုက်ခိုက်မှုများကြောင့် ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူစခန်းများနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ ထိခိုက်ခဲ့သည်။ တိုက်ခိုက်ခံရသည့် နေရာအများအပြားတွင် ထင်ရှားသည့် စစ်ရေးပစ်မှတ်များ မရှိပေ။

မြန်မာစစ်တပ်သည် သမားရိုးကျ လေယာဉ်များအပြင် ပါရာမော်တာများ၊ ဂျိုင်ရိုကော်ပတာများနှင့် မောင်းသူမဲ့လေယာဉ်များ (ဒရုန်းများ)ကိုလည်း ပိုမိုတိုးမြှင့် အသုံးပြုလာရှိသည်။ ယန္တရားက စုံစမ်းစစ်ဆေးနေသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြစ်စဉ်အချို့၌ ပါရာမော်တာမောင်းသူများသည် ပစ်မှတ်များအနီးသို့ ရောက်ရှိလာချိန်တွင် အင်ဂျင်များကို ပိတ်ပြီး ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း သတင်းများရရှိထားသည်။ ထိုသို့ အသံတိတ် ဝင်ရောက်တိုက်ခိုက်သဖြင့် အရပ်သားများမှာ တိုက်ခိုက်မှုကို ကြိုတင်သတိပြုမိရန် ခက်ခဲပြီး ဘေးလွတ်ရာသို့ ခိုလှုံရန် အချိန်လုံလောက်စွာ မရရှိခဲ့ကြပေ။ ယန္တရားသည် ပထမအကြိမ် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ပြီးနောက် ဒုတိယအကြိမ် ထပ်မံတိုက်ခိုက်သည့် "နှစ်ကြိမ်ဆင့်တိုက်ခိုက်မှု"များကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းကဲ့သို့သော တိုက်ခိုက်မှုများကြောင့် ပထမအကြိမ်တိုက်ခိုက်မှုအပြီးတွင် ဒဏ်ရာရရှိသူများကို အရေးပေါ်ကူညီကယ်ဆယ်ပေးနေသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် အခြားကူညီပေးသူများအပြင် ဘေးလွတ်ရာရှောင်ပြေးရန် ကြိုးစားနေသည့် အရပ်သားများပါ ထိခိုက်နိုင်သည်။

လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံ

၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၆၃) ကြိမ်မြောက် အစည်းအဝေး၌ ယန္တရားအကြီးအကဲသည် ယန္တရား၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာကို တင်သွင်းခဲ့သည်။ အပြန်အလှန်ဆွေးနွေးပွဲ အတွင်း အဖွဲ့ဝင်နိုင်ငံများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း အများအပြားက ယန္တရားကို ဆက်လက် ပံ့ပိုးထောက်ခံသွားမည် ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ယန္တရားအကြီးအကဲသည် လွန်ခဲ့သည့် တစ်နှစ်အတွင်း လုပ်ငန်းတိုးတက်မှုများကို ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီတွင် ရှင်းလင်းတင်ပြမည်ဖြစ်သည်။ ထို့အပြင် နယူးယောက်မြို့သို့ သွားရောက်စဉ် ယန္တရား၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရည်ကို မြှင့်တင်ရန် လိုအပ်သည့် အရင်းအမြစ်များနှင့် ဆက်လက်ပံ့ပိုးကူညီမှုများရရှိရေး အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများကိုလည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

သက်သေများကို တွေ့ဆုံမေးမြန်းရာတွင် အသုံးပြုသည့်နည်းလမ်း

ရာဇဝတ်မှုတစ်ခုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများ သို့မဟုတ် မျက်မြင်တွေ့ရှိခဲ့သူများအား တွေ့ဆုံမေးမြန်း၍ ရရှိသည့် သက်သေထွက်ဆိုချက်များသည် အဖိုးတန်သော အချက်အလက်ရင်းမြစ်များ ဖြစ်သည်။ ထို့အပြင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုကျူးလွန်သူများကို တရားဥပဒေအရ တာဝန်ခံမှုရှိစေရန် ရာဇဝတ်မှုတည်ဆောက်ရာတွင်လည်း အလွန်အရေးပါသည်။ လူကိုယ်တိုင် အသေးစိတ်တွေ့ဆုံမေးမြန်းပြီး သက်သေများက လက်မှတ်ရေးထိုးထားသည့် ထွက်ဆိုချက်များသည် မည်သည့်တရားရုံး သို့မဟုတ် ခုံရုံးတွင်မဆို လက်ခံနိုင်ခြေ အများဆုံးရှိသည့် သက်သေအထောက်အထားများ ဖြစ်သည်။

ယန္တရားက သက်သေများကို တွေ့ဆုံမေးမြန်းရာတွင် အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးသူများ၊ ရှေ့နေများနှင့် ဘာသာစကားကျွမ်းကျင်သူများပါဝင်သည့် အဖွဲ့များဖြင့် ဆောင်ရွက်ကြသည်။ တွေ့ဆုံမေးမြန်းမှုတစ်ခုချင်းစီအတွက် လိုအပ်သော ကျွမ်းကျင်မှုများကို ပေါင်းစပ်အသုံးချနိုင်ရန် ယင်းသို့ အဖွဲ့ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဖွဲ့ဝင်အချို့သည် မြန်မာပြည်တွင်းသုံး ဘာသာစကား တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ ပြောဆိုနိုင်ကြပြီး လိုအပ်ပါက စကားပြန်များ၏ အကူအညီကိုလည်း ရယူကြသည်။

တွေ့ဆုံမေးမြန်းမည့် အကြောင်းအရာပေါ် မူတည်၍ တွေ့ဆုံမေးမြန်းရေးအဖွဲ့တွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများကို ထိခိုက်ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရေး သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စများအပြင် နယ်မြေဒေသများနှင့် အကြောင်းအရာများအလိုက် ကျွမ်းကျင်သူများလည်း ပါဝင်နိုင်သည်။ ယန္တရားသည် တွေ့ဆုံမေးမြန်းရေးအဖွဲ့တွင် ပါဝင်မည့်သူများနှင့်ပတ်သက်၍ သက်သေတစ်ဦးချင်းစီနှင့် ကြိုတင်ဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် ဦးစားပေးရွေးချယ်မှုများကို ထည့်သွင်းစဉ်းစားသည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများမှ ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများကို တွေ့ဆုံမေးမြန်းရာတွင် ယင်းအချက်သည် အလွန်အရေးကြီးသည်။ တွေ့ဆုံမေးမြန်းခံရသူများသည် အမျိုးသား သို့မဟုတ် အမျိုးသမီး အဖွဲ့ဝင် တစ်ဦးဦးက တွေ့ဆုံမေးမြန်းခြင်း ပိုပြီး လိုလားနိုင်သောကြောင့် ဖြစ်သည်။

တွေ့ဆုံမေးမြန်းခြင်းမပြုမီ ယန္တရားသည် သက်သေ၏ ဘေးကင်းလုံခြုံမှုနှင့် ကိုယ်စိတ်ကျန်းမာရေး အခြေအနေတို့ကို အကဲဖြတ်ပြီး တွေ့ဆုံမေးမြန်းနေစဉ်နှင့် တွေ့ဆုံမေးမြန်းပြီးနောက် သက်သေကို အကာအကွယ်ပေးနိုင်ရန် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားသည်။ ယင်းတွင် သက်သေများအနေဖြင့် ဆိုးရွားသည့် အတွေ့အကြုံများကို ပြန်လည်ပြောပြရာ၌ ဖြစ်ပေါ်လာနိုင်သည့် စိတ်ဒဏ်ရာများကို လျော့ပါးသက်သာစေရန် ပံ့ပိုးကူညီပေးခြင်းလည်း ပါဝင်နိုင်သည်။

ဘင်္ဂလားဒေ့ရှ်ခရီးစဉ်မှ မှတ်တမ်းဓါတ်ပုံများ

အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံခြင်း - ယန္တရားအကြီးအကဲ နီကိုလတ်စ်ခွန်ဂျန်သည် ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် Mr. Asad Alam Siam အပါအဝင် အခြားအရာရှိများနှင့်တွေ့ဆုံခဲ့သည်။

လူမှုအသိုင်းအဝိုင်းများနှင့် တွေ့ဆုံခြင်း - နီကိုလတ်စ်ခွန်ဂျန်သည် ကော့စ်ဘဇားရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်သည့် ရိုဟင်ဂျာများနှင့် အခြားလူမှုအသိုင်းအဝိုင်းများမှ လူပေါင်း ၂၀၀ ကျော်ကို တွေ့ဆုံခဲ့သည်။

ပညာရှင်များနှင့် တွေ့ဆုံခြင်း - နီကိုလတ်စ်ခွန်ဂျန်သည် ဒါကာတက္ကသိုလ်ရှိ လူမျိုးပြန်းစေမှုဆိုင်ရာ လေ့လာရေးဌာနမှ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများကို တွေ့ဆုံခဲ့သည်။

သတင်းထောက်များနှင့် တွေ့ဆုံခြင်း - နီကိုလတ်စ်ခွန်ဂျန်သည် ကော့စ်ဘဇားရှိ Voice of Palong သတင်းဌာနအတွက် အင်တာဗျူး ဖြေကြားခဲ့သည်။

လူထုဆက်ဆံရေးလုပ်ငန်းများ

ဘာသာစကားမျိုးစုံဖြင့် သရုပ်ဖော်ရှင်းလင်းချက်များ

သက်သေဆိုတာ ဘယ်လိုမျိုးလဲ။ သက်သေထွက်ဆိုချက်ဆိုတာ ဘာလဲ။ သက်သေတစ်ဦးက တစ်ခုခုကိုမသိဘူး၊ မမှတ်မိဘူး ဆိုရင် ဘယ်လိုလုပ်မလဲ။ လူတွေက ယန္တရားထံ မျှဝေပေးတဲ့ အချက်အလက်တွေကို ယန္တရားက ဘယ်လိုအသုံးပြုသလဲ။

ရိုဟင်ဂျာဘာသာစကားဖြင့် ဖန်တီးထားသည့် **ဗီဒီယိုအတွဲသစ်**တွင် အဆိုပါမေးခွန်းများကို ဖြေကြားထားပြီး သက်သေများ အနေဖြင့် ယန္တရားနှင့် တွေ့ဆုံမေးမြန်းရာတွင် ဘယ်အရာများကို မျှော်လင့်ထားနိုင်ကြောင်း ရှင်းပြထားသည်။ မိုဘိုင်းဖုန်းများဖြင့် အလွယ်တကူ ကြည့်ရှုနိုင်သည့် အဆိုပါဗီဒီယို ၁၀ ခုကို ဒေါင်းလုဒ်ရယူပြီး ပြန်လည် မျှဝေနိုင်သည်။ ထို့အပြင် ယန္တရား၏ သက်သေများအား တွေ့ဆုံမေးမြန်းသည့် လုပ်ငန်းစဉ်အကြောင်း ရှင်းပြထားသော စာမျက်နှာ နှစ်မျက်နှာပါ အချက်အလက် စာစောင်များကိုလည်း **အင်္ဂလိပ်ဘာသာ** နှင့် **မြန်မာဘာသာ** တို့ဖြင့်ဖတ်ရှုနိုင်သည်။



အချက်အလက်တောင်းခံခြင်း

စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ဈေးအနီး လေကြောင်းတိုက်ခိုက်ဖြစ်ပွားပြီးနောက် ယန္တရားသည် ယင်းဖြစ်စဉ်အပါအဝင် အခြားဖြစ်စဉ်များကို ကြုံတွေ့ခဲ့သည့် သက်သေများနှင့် တိုက်ရိုက်သိရှိထားသူများကို ယန္တရားထံ လုံခြုံစွာ ဆက်သွယ်ပြီး အထောက်အထား မျှဝေပေးရန် **တိုက်တွန်း**ခဲ့သည်။

ရခိုင်ပြည်နယ်ရှိ ဈေးအနီး **လေကြောင်းတိုက်ခိုက်မှု**နှင့် သက်ဆိုင်သည့် အချက်အလက်များ မျှဝေပေးရန် ယန္တရားက တောင်းခံ

အွန်လိုင်းမှတဆင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံခြင်း

ပြည်သူလူထုက ယန္တရား၏ လုပ်ငန်းများကို စိတ်ဝင်စားမှု ဆက်လက်မြင့်တက်လာသည်နှင့်အမျှ ယန္တရား၏ **Facebook** နှင့် **LinkedIn** စာမျက်နှာများတွင်လည်း မှတ်တိုင်သစ်များ ရရှိခဲ့သည်။

စောင့်ကြည့်သူပေါင်း

Facebook ၈၁,၀၀၀ +

LinkedIn ၂၉၀၀+

မီဒီယာ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၆ ရက် - ယန္တရား၏အကြီးအကဲ နီကိုလတ်စ်ခွန်ဂျန်သည် ရိုဟင်ဂျာအကျပ်အတည်းအကြောင်း ရိုက်ကူးထားသည့် **Al Jazeera** ၏ မှတ်တမ်းရုပ်ရှင်တွင် ပါဝင်ခဲ့ပြီး ရိုဟင်ဂျာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားလူမှုအသိုင်းအဝိုင်းများအား ကျူးလွန်ခဲ့သည့် ကြီးလေးသော နိုင်ငံတကာ ရာဇဝတ်မှုများအကြောင်း၊ တာဝန်ခံမှု ရရှိရေးလုပ်ငန်းများတွင် ယန္တရား၏ ပံ့ပိုးကူညီမှုများကို ဆွေးနွေးထားသည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၈ ရက် - နီကိုလတ်စ်ခွန်ဂျန်သည် **DVB** အင်္ဂလိပ်ပိုင်းနှင့် တွေ့ဆုံမေးမြန်းရာတွင် ယန္တရား၏ **နှစ်ပတ်လည်အစီရင်ခံစာ**တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း မြန်မာစစ်တပ်သည် အရပ်သားများအား ရည်ရွယ်ချက်ရှိသည့် ပုံစံတစ်ရပ်ဖြင့် လေကြောင်းမှ တိုက်ခိုက်ခြင်း၊ လက်လွတ်စပယ် ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ ကျူးလွန်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

တွေ့ဆုံမေးမြန်းခန်း - လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများဆိုင်ရာ လုပ်ငန်းအဖွဲ့အကြောင်း

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများဆိုင်ရာ လုပ်ငန်းအဖွဲ့က ဘာတွေလုပ်ဆောင်သလဲ။

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများ (SGBC) ကို စုံစမ်းစစ်ဆေးခြင်းသည် ယန္တရား၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ လုပ်ငန်းအဖွဲ့သည် နယ်ပယ်အသီးသီး၌ ကျွမ်းကျင်မှုရှိသော ဝန်ထမ်းများကို စုစည်းပြီး ယန္တရား၏ လုပ်ငန်းဆောင်ရွက်မှု အဆင့်တိုင်းတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများ (SGBC) ကို ထည့်သွင်းစဉ်းစားနိုင်စေရန် ဆောင်ရွက်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် SGBC ရာဇဝတ်မှုများကို **စုံစမ်းစစ်ဆေးခြင်းနှင့် စိစစ်သုံးသပ်ခြင်းဆိုင်ရာ ယန္တရား၏ လုပ်ငန်းစဉ်များ** ပိုမိုအားကောင်းလာစေရန် အထောက်အကူပြုသည်။

လုပ်ငန်းအဖွဲ့သည် ယန္တရား၏ စုံစမ်းစစ်ဆေးသူများအနေဖြင့် ရာဇဝတ်မှုအားလုံးကို ကျင်ဒါရှုထောင့်မှ ထည့်သွင်းစဉ်းစားစေရန် ဆောင်ရွက်သည်။ ထိုမှသာ အမျိုးသားများ၊ အမျိုးသမီးများ၊ ယောကျ်ားလေးများ၊ မိန်းကလေးများအပြင် ကျင်ဒါနှင့် လိင်စိတ်တိမ်းညွတ်မှု ကွဲပြားသူများအပေါ် ရာဇဝတ်မှုများကို ပစ်မှတ်ထားကျူးလွန်ပုံနှင့် ထိခိုက်မှုများ မည်သို့ကွဲပြားသည်ကို ပိုမိုနားလည်နိုင်သည်။ ထို့အပြင် စုံစမ်းစစ်ဆေးမှုများအတွင်း ယင်းရာဇဝတ်မှုများကို လျစ်လျူမရှုမိစေရန်လည်း အထောက်အကူပြုသည်။ ဥပမာအားဖြင့် ဈေးတစ်ခုအား လေကြောင်းတိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရာတွင် အဆိုပါတိုက်ခိုက်မှုကြောင့် အမျိုးသမီးများနှင့် အမျိုးသားများကို ထိခိုက်မှု မည်သို့ကွဲပြားသည်ကို လေ့လာစစ်ဆေးရန် လုပ်ငန်းအဖွဲ့က စုံစမ်းစစ်ဆေးသူများအား အကြံပြုနိုင်သည်။ အထူးသဖြင့် အမျိုးသမီးများသည် မိသားစုအတွက် စားသောက်ကုန်နှင့် အခြားအိမ်သုံးပစ္စည်းများ ဝယ်ယူရန် ဈေးသို့ ပိုမိုသွားရောက်လေ့ရှိသဖြင့် အဆိုပါတိုက်ခိုက်မှုကြောင့် အမျိုးသမီးများ ပိုထိခိုက်ခဲ့ခြင်း ရှိ၊ မရှိ ကိုလည်း ထည့်သွင်းစစ်ဆေးရန် အကြံပြုနိုင်သည်။

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုတွေကို စုံစမ်းစစ်ဆေးတဲ့အခါ ဘယ်လိုစိန်ခေါ်မှုတွေ ရှိသလဲ။

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများ (SGBC) ကို သတင်းပို့တိုင်ကြားမှု နည်းပါးလေ့ရှိသည်။ အကြောင်းမှာ ထိခုက်နစ်နာသူများနှင့် သက်သေများသည် လူမှုအသိုင်းအဝိုင်းက ကဲ့ရဲ့ရှုတ်ချမည်ကို စိုးရိမ်ခြင်း၊ လက်တုံ့ပြန်ခံရမည်ကို ကြောက်ရွံ့ခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းကြောင့် ၎င်းတို့နှင့်အတူ မိသားစုဝင်များ၊ လူမှုအသိုင်းအဝိုင်းများကို ထိခိုက်မှုများ ရှိလာနိုင်သည်ဟု စိုးရိမ်ခြင်းတို့ကြောင့် ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများ (SGBC) မှ ထိခိုက်နစ်နာသူများအတွက် ၎င်းတို့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်ပြောပြရခြင်းသည် အလွန်နာကျင်စေနိုင်ပြီး စိတ်ထိခိုက်စရာ ခံစားချက်များလည်း ပြန်ပေါ်လာနိုင်သည်။ ထို့ကြောင့် SGBC အမှုများကို စုံစမ်းစစ်ဆေးရာတွင် အထူးဂရုစိုက်ပြီး စာနာနားလည်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်သည်။ ယန္တရားသည် ထိခိုက်နစ်နာသူများကို ဗဟိုပြု၍ စိတ်ဒဏ်ရာများကို ထည့်သွင်းစဉ်းစားသော ချဉ်းကပ်နည်းကို အသုံးပြုကာ စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်တလျှောက် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် ကိုယ်စိတ်ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုမှ ထိခိုက်နစ်နာသူများကို တွေ့ဆုံမေးမြန်းတဲ့အခါ ဘယ်အချက်တွေက အရေးကြီးသလဲ။

ယန္တရားသည် တွေ့ဆုံမေးမြန်းခံရသူများအား ၎င်းတို့၏ အလွန်နက်ရှိုင်းသည့် ပုဂ္ဂိုလ်ရေး အတွေ့အကြုံများကို ပြန်လည် ပြောပြရန် တောင်းဆိုနေခြင်းဖြစ်ကြောင်း ကောင်းစွာနားလည်သည်။ ထို့ကြောင့် ထိခိုက်နစ်နာသူများ၏ ဘေးကင်းလုံခြုံမှုနှင့် လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ကို ဦးစားပေးသည်။ တွေ့ဆုံမေးမြန်းမှု လုပ်သင့်၊ မလုပ်သင့်ကို ကိုယ်တိုင်သိရှိနားလည်ပြီးမှ ဆုံးဖြတ်နိုင်စေရန် ယန္တရားထံ မျှဝေပေးသည့် အချက်အလက်များကို မည်သို့အသုံးပြုနိုင်ကြောင်း ကြိုတင်ရှင်းလင်း ပြောကြားသည်။ ထို့အပြင် သက်သေများ၏ အချက်အလက်များကို လျှို့ဝှက်စွာကာကွယ်ထိန်းသိမ်းရန် ချမှတ်ထားသည့် အစီအမံများကိုလည်း ရှင်းပြသည်။ တွေ့ဆုံမေးမြန်းမှုမပြုမီ၊ ပြုလုပ်နေစဉ်နှင့် ပြုလုပ်ပြီးနောက်တွင်လည်း သက်သေများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများကို ထည့်သွင်းစဉ်းစားသည်။ ယန္တရား၏ ဝန်ထမ်းများသည် သက်သေများက ထပ်ဆောင်းအကူအညီများ လိုအပ်နိုင်သည့် အခြေအနေမျိုးရှိပါက သိမြင်နိုင်ရန် လေ့ကျင့်သင်ကြားထားပြီး၊ တွေ့ဆုံမေးမြန်းခြင်းကြောင့် လုံခြုံရေးဆိုင်ရာ သို့မဟုတ် စိတ်လူမှုကျန်းမာရေးဆိုင်ရာ အန္တရာယ်များ အလွန်မြင့်မားနိုင်ပါက တွေ့ဆုံမေးမြန်းမှုကို ဆက်လက် မဆောင်ရွက်ပါ။

ထို့အပြင် လူတစ်ဦးချင်းစီ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ အသက်အရွယ်၊ ကျင်ဒါ၊ ဖြစ်တည်မှု၊ မေးမြန်းသူ သို့မဟုတ် စကားပြန်နှင့်ပတ်သက်သည့် သဘောထားများကို ထည့်သွင်းစဉ်းစားပြီး လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်သည်။ ယန္တရား၏ ရည်ရွယ်ချက်မှာ သက်သေများ၏ ပြောကြားချက်များကို အမြဂရုတစိုက် နားထောင်ရန်၊ လူဝုဏ်သိက္ခာကို လေးစားစွာ ဆက်ဆံရန်နှင့် နာကျင်ဖွယ် အတွေ့အကြုံများကို မလိုအပ်ဘဲ ပြန်လည်ပြောပြစေခြင်းမှ ရှောင်ကြဉ်ရန် ဖြစ်သည်။

ယင်းလုပ်ငန်းက ဘာကြောင့် အရေးကြီးတာလဲ။

လိင်ပိုင်းဆိုင်ရာနှင့် ကျင်ဒါအခြေပြု ရာဇဝတ်မှုများတွင် မုဒိမ်းမှုသာ ပါဝင်သည် သို့မဟုတ် အမျိုးသမီးများနှင့် မိန်းကလေးများသာ ထိခိုက်ခံစားရသည်ဟူသော မှားယွင်းသည့် အယူအဆများမှာ လူအများကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ရှိနေသည်။ အမှန်တကယ်တွင် အဆိုပါ ရာဇဝတ်မှုများ၌ လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေမှုများအပြင် ကျင်ဒါကို အခြေခံသည့် အခြားထိခိုက်နစ်နာစေမှုများလည်း ပါဝင်သည်။ ဥပမာအားဖြင့် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အတင်းအကျပ် ဖော်ချွတ်စေခြင်းများသည် ကျင်ဒါနှင့် လိင်စိတ်တိမ်းညွတ်မှု မည်သို့ပင်ရှိနေသူဖြစ်စေ ထိုရာဇဝတ်မှုများကျူးလွန်ခံရနိုင်သည်။ ထို့အပြင် မျိုးပွားအင်္ဂါများကို ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခြင်းဖြင့် ကလေးရယူနိုင်စွမ်းရည်ကို ထိခိုက်စေသည့် အကြမ်းဖက်မှုမျိုးကဲ့သို့ မျိုးပွားမှုဆိုင်ရာ အကြမ်းဖက်မှုများလည်း ဖြစ်ပွားနိုင်သည်။

ယန္တရားသည် SGBC အမှုများကို အလေးထားဆောင်ရွက်နေသည်မှာ နှစ်ပေါင်းများစွာရှိပြီ ဖြစ်သည်။ အဆိုပါ ရာဇဝတ်မှုများကို သတင်းပေးပို့တိုင်ကြားခြင်း မရှိဘဲ အလွယ်တကူ လျစ်လျူရှုထားလေ့ရှိသည်ကိုလည်း တွေ့မြင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ယင်းရာဇဝတ်မှုများ၏ ကျူးလွန်မှုနှင့် ရက်စက်ကြမ်းကြုတ်မှု အတိုင်းအတာများကြောင့် ထိခိုက်နစ်နာသူများ၏ အတွေ့အကြုံများကို နားထောင်ပြီး အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များတွင် ထည့်သွင်းဖော်ပြနိုင်ရန် ပိုမိုအရေးကြီးလာသည်။ ဤလုပ်ငန်းများမှတဆင့် အသက်ရှင်ကျန်ရစ်သူများနှင့် ထိခိုက်ခံစားခဲ့ရသည့် လူမှုအသိုင်းအဝိုင်းများအတွက် ရရှိထိုက်သည့်တရားမျှတမှုကို ဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

၂၀၂၅-၂၀၃၀ မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ယန္တရားသည် ရည်မှန်းချက်သုံးရပ် ချမှတ်ထားသည့် ၂၀၂၅-၂၀၃၀ မဟာဗျူဟာစီမံကိန်းကို ဆက်လက် အကောင်အထည် ဖော်လျက်ရှိသည်။ အဆိုပါ ရည်မှန်းချက်သုံးရပ်မှာ - (၁) ယန္တရား၏ အထောက်အထားများနှင့် စိစစ်သုံးသပ်ချက်များသည် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး ကြိုးပမ်းမှုများကို အထောက်အကူပြုစေရန်၊ (၂) သက်သေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်နှင့် (၃) စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ပြီး အခြေအနေအလိုက် လိုက်လျောညီထွေစွာ ပြောင်းလဲနိုင်သည့် ယန္တရားအဖြစ် ဆက်လက်ရပ်တည်နိုင်ရန်တို့ ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် အသစ်ပေါ်ပေါက်လာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ၂၀၂၇ ခုနှစ်တွင် စေတနာအလျောက် ထည့်ဝင်သည့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁.၉ သန်း လိုအပ်မည်ဟု ယန္တရားက ခန့်မှန်းထားသည်။ ယန္တရား၏ အဓိကလုပ်ငန်းများအတွက် ကုလသမဂ္ဂ၏ ပုံမှန်ဘတ်ဂျက်ဖြင့် ရန်ပုံငွေ ပံ့ပိုးပေးထားသော်လည်း စေတနာအလျောက် ထည့်ဝင်သည့် ရန်ပုံငွေများသည် ယန္တရား၏ လုပ်ပိုင်ခွင့်တာဝန်များကို အကောင်အထည်ဖော်ရာတွင် မရှိမဖြစ်လိုအပ်သည့် အထူးပြုကျွမ်းကျင်မှုနှင့် အရင်းအမြစ်များစွာ အသုံးပြုရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ထပ်ဆောင်းအင်အားဖြည့်တင်းပေးသည်။

အမေရိကန်ဒေါ်လာ ၁.၉ သန်း

၂၀၂၇ ခုနှစ်အတွက် လိုအပ်မည်ဟု ခန့်မှန်းထားသည့် စေတနာအလျောက် ထည့်ဝင်ငွေ

စိန်ခေါ်မှုများ

ယန္တရားသည် အဆက်မပြတ် ပြောင်းလဲနေပြီး စိန်ခေါ်မှုများပြားကာ ကြုံတင်ခန့်မှန်းရန် ခက်ခဲသည့် ပတ်ဝန်းကျင်တွင် လုပ်ငန်းများ ဆောင်ရွက်နေရသည်။ ထို့ကြောင့် ယန္တရား၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများနှင့် အရင်းအမြစ်များတွင် လိုအပ်ချက် ပိုမိုမြင့်တက်နေသည်။

လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ပြင်းထန်နေခြင်း

မြန်မာနိုင်ငံတဝန်းတွင် ပဋိပက္ခများ ဆက်လက်ပြင်းထန်နေသောကြောင့် စုံစမ်းစစ်ဆေးရန် လိုအပ်သည့် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများ ပိုမိုများပြားလာသည်။

အရင်းအမြစ်များနှင့် အထူးပြုကျွမ်းကျင်မှုများ

၂၀၂၆ ခုနှစ်အစောပိုင်းမှစ၍ ယန္တရား၏ ဝန်ထမ်းအင်အား ၂၀ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သည်။ ထို့ကြောင့် ယန္တရားသည် ရှုပ်ထွေးသော စုံစမ်းစစ်ဆေးမှုများအတွက် လိုအပ်သည့် အထူးပြုကျွမ်းကျင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ကျန်ရှိနေသော အရင်းအမြစ်များကို စနစ်တကျ အသုံးချရန် လိုအပ်သည်။

လုံခြုံရေးနှင့် နိုင်ငံရေးဆိုင်ရာ အန္တရာယ်များ

ယန္တရား၏ ဝန်ထမ်းများ၊ သက်သေများ၊ ယန္တရားနှင့် ထိတွေ့ဆက်ဆံသူများနှင့် ပံ့ပိုးကူညီသူများအပေါ် လုံခြုံရေးနှင့် နိုင်ငံရေးဆိုင်ရာ အန္တရာယ်များ သက်ရောက်နေသည်။

ပူးပေါင်းဆောင်ရွက်မှု

မြန်မာအစိုးရသည် ယခုအချိန်ထိ ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသေးပါ။ ထို့ကြောင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ နယ်နိမိတ်အတွင်းရှိ အထောက်အထားများ ရယူနိုင်ရန်နှင့် သက်သေများနှင့် တွေ့ဆုံနိုင်ရန် အဆိုပါနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် မရှိမဖြစ် အရေးကြီးသည်။

အလှူရှင်များ၏ ထောက်ပံ့မှု

စေတနာအလျောက် ထည့်ဝင်သည့် ရန်ပုံငွေများသည် ယန္တရား၏ ဦးစားပေးလုပ်ငန်းနယ်ပယ် လေးခုကို ပံ့ပိုးပေးလျက်ရှိပြီး စုံစမ်းစစ်ဆေးရေးလုပ်ငန်း စွမ်းဆောင်ရည်များ ထိန်းထားနိုင်ရန်နှင့် သက်သေများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် အထောက်အကူပေးသည်။

❶ **မြန်မာနိုင်ငံသုံး ဘာသာစကားမျိုးစုံဖြင့် အထောက်အထားများ -** မြန်မာနိုင်ငံတွင် အသုံးပြုသော ဘာသာစကားမျိုးစုံဖြင့် ရရှိသော အထောက်အထား အမြောက်အမြားကို ပြန်လည်စစ်ဆေးပြီး စိစစ်သုံးသပ်ခြင်း။

❷ **အထူးပြု စုံစမ်းစစ်ဆေးမှုများနှင့် ကျွမ်းကျင်မှုများ -** အထူးကျွမ်းကျင်မှုမြင့်မားစွာ လိုအပ်သည့် ပွင့်လင်းရင်းမြစ်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ၊ ကလေးများကို ထိခိုက်ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန် လိုအပ်သည့် အထူးကျွမ်းကျင်မှုများကို ဆက်လက်ထိန်းသိမ်းထားခြင်း။

❸ **သက်သေများအား အကာအကွယ်ပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း -** သက်သေများနှင့် ဘေးကင်းလုံခြုံစွာ ထိတွေ့ဆက်ဆံနိုင်ရန် သင့်လျော်သည့် အကာအကွယ်ပေးရေးနှင့် ပံ့ပိုးကူညီရေး အစီအမံများကို စီစဉ်ဆောင်ရွက်ပေးခြင်း။

❹ **အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း -** အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများဒိုင်ယာလော့ကို ပံ့ပိုးကူညီခြင်း။

မေးလေ့ရှိသော မေးခွန်းများ

ယန္တရားသည် ဒဏ္ဍန်းများ အသုံးပြုမှုကို စုံစမ်းစစ်ဆေးနေပါသလား။

ယန္တရားသည် မြန်မာနိုင်ငံတွင် တိုက်လေယာဉ်များကဲ့သို့သော တောင်ပံတပ် လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ပါရာမော်တာများ၊ ဂျိုင်ရိုကော်ပတာများနှင့် ဒဏ္ဍန်းများကို အသုံးပြုသည့် လေကြောင်းတိုက်ခိုက်မှုများကို စုံစမ်းစစ်ဆေးသည်။ မြန်မာစစ်တပ်သည် ဒဏ္ဍန်းများကို စောင့်ကြည့်ရေး၊ ကင်းထောက်ရေးနှင့် တိုက်ခိုက်ရေး လုပ်ငန်းများတွင် အသုံးပြုလျက် ရှိသည်။ ယင်းတို့တွင် ပြည်တွင်း၌ ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားသည့် တိုက်ခိုက်ရေးဒဏ္ဍန်းများအပြင် ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သော ဒဏ္ဍန်းများကို လက်နက်ခဲယမ်းများ ကြဲချနိုင်ရန် ပြုပြင်ထားသည့် ဒဏ္ဍန်းများလည်း ပါဝင်သည်။ မြန်မာစစ်တပ်က စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ နေရာများကို တမင်ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားခဲ့ပုံရသည့် လေကြောင်းတိုက်ခိုက်မှုများတွင် ဒဏ္ဍန်းများ အသုံးပြုခဲ့ခြင်းနှင့်ပတ်သက်၍ ယန္တရားက စုံစမ်းစစ်ဆေးနေသည်။

အရပ်သားများအား တိုက်ခိုက်မှုအပါအဝင် ဒဏ္ဍန်းများကို အသုံးပြု၍ တိုက်ခိုက်နေသည်မှာ မြန်မာစစ်တပ်တစ်ဖွဲ့တည်း မဟုတ်ပေ။ ယန္တရားသည် ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အစားလုံး၏ ဒဏ္ဍန်းအသုံးပြုမှုများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ယန္တရား၏ ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဒဏ္ဍန်းများအပါအဝင် စစ်ဆင်ရေးများတွင် အသုံးပြုသည့် လေယာဉ်များ၊ လက်နက်များနှင့် ဆက်စပ်ပစ္စည်းကိရိယာများကို ထောက်ပံ့ပေးခြင်း၊ ပြုပြင်ထိန်းသိမ်းပေးခြင်းတို့အတွက် တာဝန်ရှိသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းစုံစမ်းစစ်ဆေးမှုများတွင် အဆိုပါ ပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် ဆက်စပ်ဝန်ဆောင်မှုများပေးခြင်းတို့တွင် ပါဝင်ပတ်သက်နေသည့် မြန်မာပြည်တွင်းနှင့် ပြည်ပမှ လူပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများ ပါဝင်သည်။ ယင်းတို့တွင် လက်နက်တင်ပို့သူများနှင့် တင်သွင်းသူများ၊ ကြားခံပွဲစားများ၊ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့် သယ်ယူပို့ဆောင်သူများလည်း ပါဝင်သည်။

ဘဏ္ဍာရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာကုမ္ပဏီများကို ဘယ်သူက ပိုင်ဆိုင်ပြီး အမှန်တကယ် ထိန်းချုပ်ထားသည်၊ ငွေကြေးများကို ဘယ်သူက ပေးချေပြီး ဘယ်သူက လက်ခံရရှိသည်၊ ပစ္စည်းကိရိယာများကို ဘယ်လို သယ်ယူပို့ဆောင်ပြီး အသုံးပြုနေသည် စသည့်အချက်အလက်များကို ခြေရာခံစုံစမ်းသည်။ ထို့နောက် ယင်းအချက်အလက်များကို စစ်တပ်မှ သက်ဆိုင်ရာတပ်ဖွဲ့များ၊ လေကြောင်းတိုက်ခိုက်မှု မှတ်တမ်းများဖြင့် ချိတ်ဆက်ကာ စစ်ဆေးသည်။ ဤနည်းဖြင့် တရားရေးအာဏာပိုင်များက ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စတင်ပြီး တရားစွဲဆိုမှုများတွင် အသုံးပြုနိုင်ရန် အထောက်အထားများကို စုဆောင်းလျက် ရှိသည်။

အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ပါသလား။

အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းကို နိုင်ငံတကာဥပဒေအရ တားမြစ်ထားပြီး နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်မှုဟုလည်း သတ်မှတ်ထားသည်။ အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းဆိုသည်မှာ လူတစ်ဦး၏ လွတ်လပ်သောဆန္ဒဖြင့် သဘောတူထားခြင်းမရှိဘဲ ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ် ဖိအားပေးခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းတို့ဖြင့် အလုပ်သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုကို မဖြစ်မနေ လုပ်ဆောင်စေခြင်းဖြစ်သည်။ နိုင်ငံများသည် အတင်းအဓမ္မ အလုပ်ခိုင်းစေမှုများကို တားမြစ်ရန်နှင့် မဖြစ်ပွားစေရန် အချိန်မရွေး ကာကွယ်တားဆီးရမည့် တာဝန်အပြည့်ရှိသည်။

အချို့သော အခြေအနေများတွင် အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းသည် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုတစ်ခုလည်း ဖြစ်နိုင်သည်။ ရာဇဝတ်မှုကျူးလွန်သူသည် လူတစ်ဦးကို ပိုင်ဆိုင်သည်ဟု သတ်မှတ်နိုင်သည့် အခွင့်အာဏာများကို အသုံးချနေကြောင်း အထောက်အထားများရှိပါက ယင်းလုပ်ရပ်သည် “ကျွန်ပြုခြင်း”ဖြင့် လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှု မြောက်နိုင်သည်။ ယင်းတွင် လူတစ်ဦး၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်၊ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် သို့မဟုတ် လွတ်လပ်စွာ သွားလာခွင့်တို့ကို ပြင်းထန်စွာ ကန့်သတ်ခြင်းများ ပါဝင်နိုင်သည်။ လူသားမျိုးနွယ်ကို ကျူးလွန်သည့် ရာဇဝတ်မှုအဖြစ် သတ်မှတ်မည်ဆိုပါက အဆိုပါလုပ်ရပ်သည် အရပ်သားပြည်သူများအပေါ် ဦးတည်၍ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ ပြုလုပ်သည့် တိုက်ခိုက်မှု၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ရမည်။

အတင်းအဓမ္မ အလုပ်ခိုင်းစေမှုအားလုံးသည် အဆိုပါရာဇဝတ်မှုအဖြစ် သတ်မှတ်ရန် လိုအပ်သည့် စံသတ်မှတ်ချက်များနှင့် မကိုက်ညီပါ။ ဥပမာအားဖြင့် အရွယ်ရောက်ပြီးသူများကို စစ်မှုထမ်းရန် အတင်းအဓမ္မ စုဆောင်းခြင်း သက်သက်ကို “ကျွန်ပြုခြင်း” ဟု သတ်မှတ်၍ မရနိုင်ပါ။

လက်နက်ကိုင်ပဋိပက္ခအတွင်း အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းသည် စစ်ရာဇဝတ်မှု မြောက်နိုင်သည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအရ အရပ်သားများနှင့် ထိန်းသိမ်းခံထားရသူများကို အချို့သောအခြေ အနေများတွင် အတင်းအဓမ္မ အလုပ်ခိုင်းစေခြင်းအား တားမြစ်ထားသည်။ ယင်းတို့တွင် စစ်ဆင်ရေးနှင့် တိုက်ရိုက်ဆက်စပ်သည့် အလုပ်များကို ခိုင်းစေခြင်း၊ အတင်းအကျပ် ဖိအားပေး၍ အလုပ်လုပ်စေခြင်းတို့ ပါဝင်သည်။